ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး
ဗဟိုဌာနချုပ်
ကော်သူးလေ
**www.knuhq.org**

# ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး ၏
# နှစ်သစ်ကူး သဝဏ်လွှာ

ဇန်နဝါရီလ (၁) ရက်၊ ၂၀၂၄ ခုနှစ်

ယနေ့တွင်ကျရောက်သော ခရစ်သက္ကရာဇ် ၂၀၂၄ ပြည့်နှစ်၊ ဇန်နဝါရီ လ (၁) ရက်နေ့နှင့် ၂၇၆၃ ခုနှစ်၊ သလေးလဆန်း (၁)ရက်နေ့တွင် ကျရောက်သည့် ကရင်နှစ်သစ်ကူးအခါသမယကို နေရာအနှံ့အပြား၊ နိုင်ငံအသီးသီးတွင် နေထိုင်ကြကုန်သော ကရင်လူမျိုးများမှ ဂုဏ်ပြုကြိုဆိုဆင်နွဲနေကြပါသည်။ ယနေ့ ကျရောက်သော နှစ်သစ်ကူးနေ့တွင် ကရင်လူမျိုးများနှင့်တကွ တိုင်းသူပြည်သားအပေါင်း နှင့် လူသားအားလုံး ကျန်းမာချမ်းသာ ကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။ နှစ်သစ်တွင် ငြိမ်းချမ်းခြင်း၊ စည်းလုံးခြင်း၊ ကောင်းကျိုးချမ်းသာနှင့် ဘေးရန်ကင်းကွာခြင်းတို့ ဆောင်ကြဉ်းပေးနိုင်ပါစေ။ ကရင်လူမျိုးများအနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးသို့ နေရာဒေသရွှေ့ပြောင်းနေထိုင်ရပါသည်။ ကရင်လူမျိုးများသည် မည်သို့ပင် ရေခြားမြေခြား၊ နိုင်ငံရပ်ခြားတွင် ကွဲကွာနေထိုင်ရစေကာမူ မိမိတို့ လူမျိုး၏ အထွဋ်အမြတ်ထားရာ ကရင်နှစ်သစ်ကူးကို နှစ်စဉ်တန်ဖိုးထား ဂုဏ်ပြုကြိုဆိုကြလျှက် ရှိပါသည်။

နှစ်သစ်သည် နှစ်ဟောင်းကို ကျော်လွန်၍ နှစ်သစ်တစ်နှစ်ကို ကူးပြောင်းရောက်ရှိခြင်း ဖြစ်သည်။ ခရစ်သက္ကရာဇ် ၂၀၂၃ ခုနှစ် ကို ကျော်လွန်ပြီး ၂၀၂၄ ခုနှစ် သို့ ကူးပြောင်းရောက်ရှိမည် ဖြစ်သကဲ့သို့ ကရင်လူမျိုးများအနေဖြင့် ရက်အနည်းငယ်အတွင်းတွင် ကရင်သက္ကရာဇ် ၂၇၆၂ ခုနှစ် ကို ကျော်လွန်ပြီး ၂၇၆၃ ခုနှစ် အတွင်းသို့ ဝင်ရောက်လာမည်ဖြစ်သည်။

မိမိတို့ ကရင်လူမျိုးသည် လူမျိုးတစ်မျိုး၏ သမိုင်းနှင့် ကြွန်အင်စရိုက်လက္ခဏာများဖြစ်သော စာပေ၊ ဘာသာစကား၊ ဓလေ့၊ ထုံးတမ်းစဉ်လာနှင့် ယဉ်ကျေးမှု စသည်တို့အပြည့်အစုံရှိသည့် လူမျိုးတစ်မျိုး ဖြစ်သည်။ လူမျိုးတစ်မျိုး ဖြစ်သည့်အတွက်ကြောင့် ကရင်လူမျိုးများ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဖွံ့ဖြိုးတိုးတက်သော လူမျိုးတစ်မျိုးဖြစ်ရန်အတွက် မိမိတို့၏ အနာဂတ် မျိုးဆက် လူငယ်များထံသို့ ကရင်လူမျိုးများ၏ သွင်ပြင်လက္ခဏာများကို လက်ဆင့်ကမ်းဝေမျှ သွားရန် လိုအပ်သည်။ တဆက်တည်းတွင် ဖွံ့ဖြိုးတိုးတက်

လာသော ခေတ်စနစ်နှင့် လိုက်လျောညီထွေစွာ မိမိတို့ လူမျိုး၏ ကြွန်အင်စရိုက်လက္ခဏာများနှင့်အညီ ထိန်းသိမ်းမြင့်တင်သွားရမည် ဖြစ်သည်။

ထို့အတွက်ကြောင့် မိမိတို့ကရင်လူမျိုးများအနေဖြင့် လူမျိုးတစ်မျိုးကဲ့သို့ ကမ္ဘာအလယ်တွင် မားမား မတ်မတ်ရပ်တည်နိုင်ရန် မိမိတို့ကရင်လူမျိုး တစ်ဦးချင်းစီတွင် တာဝန်ရှိပါသည်။ ကရင်လူမျိုးများ အနေဖြင့် မျက်စိဖွင့်နားစွင့်လျက် ဖျတ်လတ်ခြင်း၊ လျင်မြန်တက်ကြွခြင်းနှင့် တိုးတက်လိုစိတ် အစဉ်အမြဲရှိရန် လိုအပ် သည်။ ထို့အတွက်ကြောင့် အလုပ်လုပ်ကိုင်လိုစိတ်ရှိခြင်း၊ စည်းလုံးညီညွတ်ခြင်းနှင့် တစိတ်တဝမ်းတည်း ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်းဖြင့် အနာဂတ် ကရင်အမျိုးသားရေး လှုပ်ရှားမှုအတွက် အလွန်တရာမှ အရေးကြီး ပါသည်။

လူမျိုးတစ်မျိုး ဖွံ့ဖြိုးရှင်သန်ရပ်တည်နိုင်ရန်အတွက် ၎င်းတို့နေထိုင်ရာတိုင်းပြည်၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေက ထိုလူမျိုး၏ ဘာသာစကား၊ စာပေ၊ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများ ကို အသိအမှတ်ပြုရန် လိုအပ်သည်။ အထက်တွင်ဆိုခဲ့သည့်အတိုင်း တိုင်းရင်းသားပေါင်းစုံ၊ လူမျိုးပေါင်းစုံ နေထိုင်သည့် တိုင်းပြည် အတွင်း မတူညီကွဲပြားခြားနားသည့် ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း များကို နိုင်ငံတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံ ဥဒေမှ အသိအမှတ်ပြုတန်ဖိုးထားရန် လိုအပ်သည်။ သို့ရာတွင် မိမိတို့ တိုင်းပြည်ကို ပြန်ကြည့်မည်ဆိုပါက မတူကွဲပြားသည့် တိုးရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုနှင့် လူမျိုးတစ်မျိုးအဖြစ် ရှင်သန်ဖြစ်တည်မှုကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အသိအမှတ်ပြုခြင်း မရှိသည့်အပြင် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု ကို ပိတ်ပင်ခြင်းဖြင့် တိုင်းရင်းသား လူမျိုးများ မျိုးတုံးပျောက်ကွယ်အောင် စနစ်တကျ၊ ရည်ရွယ်ချက်ရှိရှိ ဖိနှိပ်ချုပ်ခြယ် လုပ်ဆောင်ခဲ့ကြပါသည်။

တန်းတူအခွင့်အရေးကို အသိအမှတ်ပြုရန် ပျက်ကွက်ခြင်းကြောင့် ဖိနှိပ်မှုနှင့် မတရားမှု များမှာ ဖြစ်ပေါ်လာရခြင်းဖြစ်သည်။ အဆိုပါအကြောင်းအရာများမှာ တိုင်းပြည်အုပ်ချုပ်သူများနှင့် တိုင်းပြည်အတွင်း နေထိုင်ကြကုန်သော လူထုများအကြား ပဋိပက္ခဖြစ်ပေါ်လာစေသည့် အကြောင်း အရင်းဖြစ်သည်။ တန်းတူ ညီမျှခွင့်ဖော်ဆောင်ရန်နှင့် နိုင်ငံရေးပဋိပက္ခများ၊ ခုခံတွန်းလှန်စစ်များ အဆုံးသတ်ရန် အကောင်းဆုံး နည်းလမ်းမှာ ငြိမ်းချမ်းသောနည်းဖြင့် နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေး အဖြေရှာခြင်းပင်ဖြစ်သည်။ နိုင်ငံရေး အရ တွေ့ဆုံဆွေးနွေးအဖြေရှာမှုကို ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံးအနေဖြင့် ခေတ်အဆက် ဆက် ကြိုးပမ်းလုပ်ဆောင်ခဲ့ပါသည်။ သို့သော် ခေတ် အဆက်ဆက် တိုင်းပြည်အုပ်ချုပ်ခဲ့သူများအနေဖြင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးအရ ဖြေရှင်းရန် စိတ်ဆန္ဒလုံးဝ မရှိခဲ့ကြပါ။

ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးအနေဖြင့် ပြည်တွင်းစစ်ပဋိပက္ခကို ရပ်တန့်နိုင်ရန် အတွက် နိုင်ငံရေးပြဿနာများကို တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းဖြင့် တိုင်းသူပြည်သားများ အေးချမ်းစွာ နေထိုင် နိုင်ရန် နှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်သွားရန်အတွက် တန်းတူညီမျှခွင့် နှင့် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ရှိသည့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်သွားရန် ဖြစ်သည်။

ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးအနေဖြင့် ပြည်သူလူထုများ၊ နိုင်ငံရေးပါတီများ၊ အတိုက် အခံ တော်လှန်ရေးအင်အားစုများနှင့် ပူးပေါင်းလုပ်ဆောင်လျက်ရှိပါသည်။ ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံးအနေဖြင့် နိုင်ငံတကာနှင့် ပြည်သူလူထုများထံမှ ပံ့ပိုးကူညီမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများစွာ ရရှိခဲ့ပါသည်။ သို့ရာတွင် တကျော့ပြန် စစ်အာဏာသိမ်းမှုကြောင့် တွေ့ဆုံဆွေးနွေးမှုများ အဆုံးသတ်ခဲ့ရ

သည်။ ထို့ကြောင့် စစ်အာဏာရှင် ခေါင်းဆောင်များအနေဖြင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးအရ တွေ့ဆုံ ဆွေးနွေးလိုစိတ်မရှိခြင်းနှင့် နိုင်ငံရေးပြဿနာအား ဖြောင့်မတ်သောစိတ်ရင်းခံဖြင့် ဖြေရှင်းလိုစိတ်မရှိပါက နိုင်ငံရေးအရတွေ့ဆုံဆွေးနွေး အဖြေရှာခြင်းဖြင့် ငြိမ်းချမ်းမှုကို အမှန်တကယ် တည်ဆောက်နိုင်ရန် လုံးဝ မဖြစ်နိုင်ပေ။ ပြည်သူလူထုအနေဖြင့် ယခုပြဿနာကို သိရှိနားလည်လာကြခြင်းကြောင့် အထူးသဖြင့် လူငယ်လူရွယ်များအနေဖြင့် လက်နက်ကိုင်စွဲ တွန်းခံတော်လှန်သည်ကို မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ရပြီး ဖြစ်သည်။

စစ်တပ်မှ အာဏာသိမ်းခဲ့သည်မှာ ယခုဆို ၃ နှစ်ပြည့်ခါနီးအချိန်ကို ရောက်ရှိလာပြီး ဖြစ်ပါသည်။ ၂၀၂၁ အာဏာသိမ်းမှုနောက် ပြည်သူများအနေဖြင့် လအနည်းအငယ် သို့မဟုတ် အချိန် အနည်းအငယ် အတွင်း စစ်တပ်ကို ဖြုတ်ချနိုင်မည် သို့မဟုတ် စစ်တပ်က အာဏာပြန်ပေးမည် ဆိုသည့် မျှော်လင့်ချက်များ ရှိခဲ့သော်လည်း ယခုဆိုလျှင် ၃ နှစ်ပြည့်ခါနီး အချိန်ထိရောက်ရှိလာခဲ့ပြီး ဖြစ်ပါသည်။ ယခုကာလ အတွင်း ပြည်သူသည် ကြပ်တည်းမှုများ၊ ကြီးမားသော ဆုံးရှုံးမှုများကို ရင်ဆိုင်နေခဲ့ကြရပြီး မျှော်လင့်ချက် အိမ်မက် များလည်း ပျောက်ဆုံးနေခဲကြသည်ကို သိရှိနားလည် ထားပါသည်။ ထို့အပြင် မည်သည့်ကာလအထိ သွားရ ဦးမည်မှာ ခန့်မှန်းမရနိုင်ဖြစ်နေပြီး အားမလိုအားမရဖြစ်နေသော အခြေအနေတွင်ရှိနေမည်ကိုလည်း သတိပြု နားလည်ထားပါသည်။ သို့သော် မိမိတို့သည် အာဏာရှင် ပြုတ်ကျရေးကိုသာမဟုတ်ပဲ အာဏာရှင် စနစ်တစ်ခုလုံး ပျက်သုဥ်းပျောက်ကွယ်သွားရေးကို မျှော်မှန်းတော်လှန်နေရာ ၎င်းအာဏာရှင်နှင့် လူမျိုးကြီး ဝါဒစနစ်များကို အမြစ်ပါမကျန် တွန်းလှန်တိုက်ဖျက်နိုင်ရေး ရှေးရှုလုပ်ဆောင်လျက်ရှိပါသည်။ ၎င်း ရည်မှန်း ချက်များကို ပြည်သူများအနေဖြင့် ကောင်းစွာသဘောပေါက်နားလည်ပြီး လက်ရှိအခြေအနေ များကို ဆက်လက်တောင့်ခံပြီး ကျွန်ုပ်တို့နှင့်အတူ ယခုတော်လှန်ရေးကြီးမှာ အတူတကွ ပူးပေါင်းပါဝင်နိုင်ရန် အားပေး ဖိတ်ခေါ်လိုပါသည်။

မိမိတို့ ကရင်လူမျိုးများအနေဖြင့် ထည်ဝါကြီးမြတ်ခြင်းနှင့် ဂုဏ်သိက္ခာမြင့်မားခြင်းတို့အား ခေတ် ရေစီးကြောင်းနှင့်အညီ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဘာသာရေးအရ ဆုတောင်းခြင်းသော် လည်း ကောင်း၊ ကောင်းမွန်စွာပြုမူနေထိုင်ခြင်းဖြင့်သော် လည်းကောင်း၊ ပညာရှာဖွေခြင်းဖြင့်သော် လည်းကောင်း၊ အလုပ်အကိုင်ကြိုးစားခြင်းဖြင့်သော် လည်းကောင်း၊ အသက်မွေးဝမ်းကြောင်း အတွက် ကြိုးစားလုပ်ကိုင် ခြင်း ဖြင့် သော်လည်းကောင်း လုံလောက်မည်မဟုတ်ပေ။ အခြားတစ်ဖက် တွင် မိမိတို့၏အခွင့်အရေးကို မတရားသဖြင့် ချုပ်ခြယ်ခြင်း၊ နိုင်ငံရေးအရ မတရားမှုများကို ဆန့်ကျင်တွန်းလှန်ခြင်းဖြင့် မိမိတို့၏ အခွင့်အရေးများကို ဖော်ဆောင်သွားရန်ဖြစ်သည်။ ထို့ကြောင့် မိမိတို့ ကရင်လူမျိုးများကို ထိခိုက်စေနိုင်သည့် မည်သည့်လုပ်ရပ်မဆို ကာကွယ်တားဆီးရန်အတွက် မည်သည့်ဒေသတွင်မဆိုနေထိုင်နေကြသည့် ကရင် လူမျိုး တစ်ဦးချင်းစီတိုင်းတွင် တာဝန်ရှိသည်။

၎င်းကဲ့သို့ လုပ်ဆောင်ရာတွင် လွတ်လပ်ပြီး တရားမျှတကာ တရားမျှတကာ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသော ကော်သူးလေကို တည်ဆောက်ယူရန်မှာ ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး၏ ပထမရည်မှန်းချက်ဖြစ်သည်။ ၎င်းမှာ မိမိတို့မျှော်မှန်းသော ဤတိုင်းပြည်ရှိ တိုင်းရင်းသားများ အားလုံး အတွက် တန်းတူညီမျှရှိသည့် ပြည်ထောင်စုကို ကြိုးပမ်း တည်ဆောက် သွားရန်ဖြစ်ပါသည်။

ထို့အတွက်ကြောင့် ယခုမျက်မှောက်ကာလတွင် ကရင်လူမှုအဖွဲ့အစည်းများ အားလုံးအနေဖြင့် ကရင်လူထုအရေးအတွက် မားမားမတ်မတ်ရပ်တည်ပြီး ရှေ့ဆက်ကရင်လူမျိုးများ လူမျိုးတစ်မျိုး အနေဖြင့် ရှင်သန်ရပ်တည်ရန်နှင့် ဖွံ့ဖြိုးတိုးတက်ရန်အတွက် လက်တွဲဆောင်ရွက်သွားကြရန် ဖြစ်သည်။ နိုင်ငံရေး အခြေအနေပေါ်အခြေခံ၍ ကရင်လူမျိုးတစ်ဦးချင်းစီအနေဖြင့် မိမိကိုယ်ကို ကရင်လူမျိုးနှင့် ကရင့်အဖွဲ့ အစည်း အားလုံး၏အရေးအတွက် လုပ်ဆောင်ကြောင်း ကြွေးကြော်နိုင်ရန် စည်းလုံးညီညွတ်ခြင်း၊ ပူးပေါင်း ဆောင်ရွက်ခြင်းနှင့် စွန့်လွှတ်ပေးဆပ်ခြင်းဖြင့် ကရင်တစ်မျိုးသားလုံး အကျိုးစီးပွားအတွက် ဆောင်ရွက် သွားရန် ဖြစ်ပါတယ်။

ခရစ်သက္ကရာဇ် ၂၀၂၄ ခုနှစ် နှစ်သစ်အား ဂုဏ်ပြုကြိုဆိုခြင်းဖြင့် ကရင်လူမျိုးများအတွက် စိတ်အား ထက်သန်မှု၊ စည်းလုံးညီညွတ်မှု၊ စိတ်ဓာတ်ခိုင်မာမှု၊ ရဲရင့်ပြတ်သားမှုများကို ဆောင်ကြဉ်းပေးလာ နိုင်စေရန် နှင့် မိမိတို့ကရင်လူမျိုး၏ ဂုဏ်သိက္ခာကို နိမ့်ကျထိပါးစေနိုင်သည့် အရာများအားလုံးကို အောင်မြင်စွာ တွန်းလှန် နိုင်ကြပါစေ။ ပြည်တွင်း၊ပြည်ပတွင် နေထိုင်ကြကုန်သော ကရင်လူမျိုးများအားလုံး အနေဖြင့် ကရင်လူမျိုးနှင့် ကရင့်အလံတော်အောက်တွင် အချင်းချင်း ကတိကဝတ်ပြုမှု၊ စိတ်ဓာတ်ဖြောင့်မတ်မှု ရှိနိုင် ကြပါစေ။ မိမိတို့ ကရင်လူမျိုးအားလုံးအနေဖြင့် ကျရာကဏ္ဍတွင် အောင်မြင်မှုပန်းတိုင်အထိ တာဝန် ကျေပွန်စွာ ထမ်းရွက်နိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး

ဗဟိုဌာနချုပ်